# YANGON AERODROME COMPANY LIMITED

*Setting the standard for high performance*

## PRESS RELEASE

### Yangon Aerodrome Company Limited ၏ ယနေ့လက်ရှိ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အား နိုင်ငံတကာအဆင့်မီ အဆင့်မြှင့်တင်မှုများနှင့် တကွ လေဆိပ်ဝန်ဆောင်မှုအားကြေငြာ

- *Yangon Aerodrome Company Limited ၏ ဝန်ဆောင်မှုနှင့် စီမံခန့်ခွဲမှုစတင်ချိန်မှစ၍ သုံးနှစ်တာကာလအတွင်း မြန်မာနိုင်ငံ၏ အရေးပါသော ခရီးသွားဧည့်သည်များဝင်ထွက်ရာ တံခါးပေါက်ဖြစ်သည့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အဆင့်မြှင့်တင်ရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခဲ့ပြီးဖြစ်ပါသည်။*
- *ယနေ့အချိန်ထိ YACL မှ အခြေခံအဆောက်အအုံ နှင့် Terminal အတွင်း အဆင့်မြှင့်တင်မှုများ၊ နည်းပညာပိုင်းဆိုင်ရာ အဆင့်မြှင့်တင်မှုများ နှင့် လုံခြုံရေးနှင့် ဝန်ဆောင်မှု တိုးတက်ကောင်းမွန်စေရန် ဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးနေမှုများကို ဦးဆောင်လျက်ရှိပါသည်။*
- *၂၀၁၈ ခုနှစ် ၏ ငါးသန်းမြောက်ခရီးသည်ကိုကြိုဆိုပြီး ငါးနှစ်တာကာလအတွင်း ခရီးသွားဝင်ရောက်မှုတိုးတက်မှုနှုန်းနေးကွေးနေမှုကို သိသာစေရန်ရည်ရွယ်ပါသည်။*
- *ခရီးစဉ်အသစ်များ တိုးချဲ့နိုင်ရန် တက်ကြွစွာ ဆောင်ရွက်လျက်ရှိပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အနေဖြင့် ၂၀၁၉ ခုနှစ်တွင် ၂၀၁၈ ခုနှစ်ထက် ခရီးသည်ဝင်ရောက်မှုနှုန်းတိုးတက်လာမည်ဟု မျှော်မှန်းထားပါသည်။*

**ရန်ကုန် - နိုဝင်ဘာလ ၁၅ရက် ၊ ၂၀၁၈ခုနှစ် -** Yangon Aerodrome Company Limited (YACL) သည် ၂၀၁၈ ခုနှစ်တွင် ငါးနှစ်တာကာလအတွင်း ခရီးသည်ဝင်ရောက်မှုနှုန်း အနည်းဆုံးနှင့်ရင်ဆိုင်နေရသော်လည်း အပြည်ပြည်ဆိုင် ရာခရီးစဉ်လမ်းကြောင်းအသစ်များ ချိတ်ဆက်ပြေးဆွဲနိုင်ရန်အတွက် ဈေးကွက်ဖန်တီးလျက်ရှိပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ ဝန်ဆောင်မှုပေးနိုင်သည့် ခရီးသည်ပမာဏကို တိုးချဲ့လျက်ရှိပါသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၏ ၂၀၁၈ ခုနှစ်အတွက် ဆိုက်ရောက်လာသည့် ငါးသန်းမြောက်ခရီးသည်အားကြိုဆိုခြင်းနှင့် မီဒီယာများနှင့်တွေ့ဆုံပွဲ ကိုယနေ့တွင် ကျင်းပခဲ့သည်။ အဆိုပါ တွေ့ဆုံပွဲတွင် ၂၀၁၈ခုနှစ်အတွင်း ခရီးသည်ဝင်ရောက်မှုနှုန်းမှ၂၀၁၇ ခုနှစ် တစ်နှစ်လုံးတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ဝင်ရောက်ခဲ့သော ခရီးသည်ဦးရေ ၅.၉၂ သန်း နှင့် နှိုင်းယှဉ်ပါက ၂.၅ ရာခိုင်နှုန်းသာ တိုးတက်မှုရှိကြောင်း YACL မှပြောကြားခဲ့ပါသည်။ လွန်ခဲ့သော ငါးနှစ်တာကာလအတွင်း ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်၏ တစ်နှစ်လျှင်ပျမ်းမျှခရီးသည်ဝင်ရောက်မှုနှုန်းမှာ ၈.၆ ရာခိုင်နှုန်း အထိ တိုးတက်ခဲ့ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် မြန်မာနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာလေဆိပ်သုံးခု အနက် ခရီးသည်ဝင်ရောက်မှုအများဆုံးလေဆိပ်ဖြစ်ပါသည်။

၂၀၁၈ ခုနှစ်အတွင်း အာရှဈေးကွက်မှ ခရီးသွားဧည့်သည်များဝင်ရောက်မှုနှုန်းမှာ ဆက်လက်တိုးတက်လျက်ရှိသော်လည်း မြန်မာနိုင်ငံအပေါ် ပြည်ပမီဒီယာများ၏ ဝေဖန်ရေးသားချက်များကြောင့် ဥရောပ နှင့် မြောက်အမေရိကဈေး

ကွက်မှ ခရီးသွားများ ဝင်ရောက်နှုန်း အပေါ် အကျိုးသက်ရောက်မှုများရှိနေသည်ဟုထင်ရကြောင်း YACL မှ ပြောကြားခဲ့ပါသည်။

"ခရီးသည်ဝင်ရောက်မှုနှုန်း သိသိသာသာနေးကွေးနေပေမယ့် ကျွန်တော်တို့အနေနဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရဲ့ ဝန်ဆောင်မှုပေးနိုင်တဲ့ခရီးသည်ပမာဏနဲ့ စွမ်းဆောင်ရည်တွေကို ဆက်လက်တိုးချဲ့ပြီး ဈေးကွက်အသစ်တွေ ချဲ့ထွင်နိုင်ဖို့ အလေးထားဆောင်ရွက်နေပါတယ်။ ၂၀၁၉ ခုနှစ်မှာ ခရီးသွား ဝင်ရောက်မှုနှုန်း ဟာ ၂၀၁၈ ခုနှစ်ထက် ပိုများလိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ မြန်မာနိုင်ငံရဲ့ အဓိကအပြည်ပြည်ဆိုင်ရာလေဆိပ်ဖြစ်တဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ရင်းနှီးမြှုပ်နှံပြီး ဝန်ဆောင် မှုပေးနေတဲ့ ကုမ္ပဏီဖြစ်တဲ့အတွက် ကျွန်တော်တို့အနေနဲ့ အခြေခံအဆောက်အအုံကို အဆင့်မြှင့်တင်ပြီး အမြဲတမ်း အရည်အသွေးမြင့် ဝန်ဆောင်မှုများ နဲ့ လုံခြုံမှုများ ပေးနိုင်ဖို့ ကြိုးစားဆောင်ရွက်ရမယ့် တာဝန်ရှိပါတယ်။" ဟု YACL ၏ Chief Executive Officer Mr. Ho Chee Tong မှ ပြောကြား ခဲ့ပါသည်။

YACL သည် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလတွင် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် Public-Private Partnership တင်ဒါစနစ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဝန်ဆောင်မှုနှင့် စီမံခန့်ခွဲမှုလုပ်ငန်းများကို လွှဲပြောင်းရယူခဲ့ပါသည်။ အဆိုပါ သဘောတူညီမှုတွင် နှစ် ၃၀ ဝန်ဆောင်မှုသက်တမ်းနှင့် နှစ် ၂၀ ထပ်မံသက်တမ်းတိုးခွင့်တို့ပါရှိပါသည်။ ၂၀၁၈ ခုနှစ်အတွက် ခန့်မှန်းထားသော ခရီးသည်ဝင်ရောက်မှုဦးရေ ခြောက်သန်း နှင့် လက်ရှိရင်းနှီးမြှုပ်နှံမှုများအရ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ လက်ရှိဝန်ဆောင်မှုပေးနေသော ခရီးသည်ပမာဏသည် ၎င်း၏ အမှန်တကယ် လက်ခံဝန်ဆောင်မှုပေးနိုင်သော ခရီးသည်ပမာဏအောက် များစွာလျော့နည်းနေပါသည်။

၂၀၁၈ ခုနှစ် အစောပိုင်းမှစ၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် အောက်ပါ အဆင့်မြှင့်တင်တိုးချဲ့မှုများကို စတင်ခဲ့ ပါသည်။

- ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် အချိန်ပြည့်ဝန်ဆောင်မှုပေးနိုင်သော Airport Operation Control Center (AOCC) ကို စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး အချိန် နှင့်တစ်ပြေးညီ ဝန်ဆောင်မှုပေးနိုင်ခဲ့ပါသည်။
- ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် ပိုမိုလုံခြုံစိတ်ချရသော Parking Stand များ အပါအဝင် လေဆိပ်တစ်ခုလုံး ကိုစနစ်တကျ ပြန်လည်နေရာချထားခြင်း လုပ်ငန်းများဆောင်ရွက်နိုင်ခဲ့ပါသည်။
- လေယာဉ်ရပ်နားရာ Apron A တွင် A320 နှင့် B737 အမျိုးအစားလေယာဉ် ရှစ်စီးအထိ သို့မဟုတ် ATR အမျိုးအစားလေယာဉ် ဆယ်စီးအထိ ရပ်နားနိုင်ရန် ပြင်ဆင်ခဲ့ပါသည်။ လေယာဉ်ပြေးလမ်း အလွယ်တကူရှင်းလင်းနိုင်ရေးအတွက် အထောက်အကူပြုသော Taxiway လမ်းကြောင်း အသစ် နှစ်လမ်း ကို လည်း ထပ်မံတည်ဆောက်ပြီး လက်ရှိတွင် Taxiway ရှစ်လမ်းဖြင့်ဝန်ဆောင်မှုပေးလျက်ရှိပါသည်။
- Terminal အတွင်း အဆင့်မြှင့်တင်မှုများအနေဖြင့် Terminal 1 တွင် အလိုအလျောက်လုံခြုံရေးစစ်ဆေးစက် (autonomous multi-level security equipment) ပါရှိသည့် Check in counter အသစ် ၃၀ ခု ၊ Baggage Claim Belt အသစ် ငါးခု နှင့် အခြား ခရီးသည်နားနေရန် ခန်းမများ၊ အစားအသောက်ဆိုင်ခန်း အသစ်များ တိုးချဲ့ခဲ့ပါသည်။

- အဆင့်မြင့်နည်းပညာဆိုင်ရာလေ့ကျင့်သင်ကြားမှုများနှင့် အရည်အချင်းစစ်ဆေးမှုများ၊ အရည်အသွေး နှင့် ပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး လေ့ကျင့်မှုများဆောင်ရွက်ခဲ့ပါသည်။

"ကျွန်တော်တို့အနေနဲ့ အခြေခံအဆောက်အအုံနဲ့ လုပ်ငန်းလည်ပတ်မှု တိုးတက်စေဖို့ သိသိသာသာအဆင့်မြှင့်တင်မှုတွေ လုပ်ခဲ့ပါတယ်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှာ လက်ရှိအနေနဲ့ B777-300ER နဲ့ A350 လို Wide-body Aircraft လေယာဉ်ကြီးတွေကို လက်ခံဝန်ဆောင်မှုပေးနိုင်ပါတယ်။ လေယာဉ်ပြေးလမ်းတစ်လမ်းသာရှိပေမယ့် အခုအဆင့် မြှင့်တင်မှုတွေက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှာ လာမယ့်နှစ်တွေအတွင်း တိုးတက်လာမယ့် ခရီးသည်ပမာဏ ကို လက်ခံဝန်ဆောင်မှုပေးနိုင်မယ်လို့ ယုံကြည်ပါတယ်။ သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်များမှ ကျွမ်းကျင်သော ဝန်ထမ်းများနှင့်အတူ နည်းပညာအသစ်များ ရင်းနှီးမြှုပ်နှံပြီး လေယာဉ်အစီးရေ နှင့် ခရီးသည်ဝင်ရောက်မှု တိုးမြင့်လာမည့် အလားအလာကောင်းများ ကိုလည်း လက်ခံနိုင်ရန် ပြင်ဆင်ထားပြီးဖြစ်ပါတယ်။" ဟု ၂၀၁၇ ခုနှစ် နိုဝင်ဘာလ တွင် YACL ၏ Chief Operating Officer အဖြစ် ခန့်အပ်ခြင်းခံရသော Mr. Jose Angeja က ပြောကြားခဲ့ပါသည်။

Mr. Angeja က ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လေယာဉ်ဝင်ထွက်သွားလာမှုပေါင်းတစ်နှစ်လျှင် ပျမ်းမျှ ၆၂,၉၃၇ ကြိမ်ရှိခဲ့ရာမှ လက်ရှိအချိန်တွင် အကြိမ် ၇၇,၀၀၀ အထိ တိုးတက်လာခဲ့သည်။ သို့သော်လည်း အဆိုပါ ပမာဏမှာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် အလားတူ လေယာဉ်ပြေးလမ်းတစ်လမ်းဖြင့်သာ ဝန်ဆောင်မှုပေးနေသော ကမ္ဘာပေါ်ရှိလေဆိပ်များ ဖြစ်ကြသည့် တရုတ်နိုင်ငံမှ Xiamen လေဆိပ် (လေယာဉ်ဝင်ထွက်မှုတစ်နှစ်လျှင် ၁၉၂,၀၀၀)၊ ဂျပန်နိုင်ငံမှ Fukuoka လေဆိပ်(လေယာဉ်ဝင်ထွက်မှုတစ်နှစ်လျှင် ၁၈၃,၀၀၀)၊ ထိုင်းနိုင်ငံမှ Phuket လေဆိပ်(လေယာဉ်ဝင်ထွက်မှုတစ်နှစ်လျှင် ၁၀၅,၀၀၀)၊ ဗြိတိန်နိုင်ငံမှ Gatwick လေဆိပ် (လေယာဉ်ဝင်ထွက်မှုတစ်နှစ်လျှင်၂၈၆,၀၀၀)နှင့်အိန္ဒိယနိုင်ငံမှ Mumbai လေဆိပ်(လေယာဉ်ဝင်ထွက်မှုတစ်နှစ်လျှင်၃၂၀,၀၀၀) တို့နှင့်နှိုင်းယှဉ်ပါက များစွာ နည်းပါးလျက်ရှိနေသေးသည် ဟု ပြောကြားခဲ့ပါသည်။

နိုင်ငံတကာစံချိန်စံညွှန်းအရ လက်ရှိလက်ခံနိုင်သည့်လေယာဉ်ပမာဏ နှင့် မြန်မာနိုင်ငံ၏ လေကြောင်းပျံသန်းမှုထိန်းချုပ်ရေး (Air Traffic Control) မှ ကိုင်တွယ်ထိန်းချုပ်နိုင်သည့် လေယာဉ်ဝင်ထွက်မှုပမာဏများအရ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သည် လေယာဉ်ဝင်ထွက်မှု တစ်နှစ်လျှင် ၁၇၀,၀၀၀ အထိ လက်ခံနိုင်သည့် အလားအလာများ ရှိနေပါသည်။ (တနည်းအားဖြင့် လက်ရှိအနေအထားဖြစ်သည့် တစ်နာရီလျှင် လေယာဉ်ဝင်ထွက်မှုနှုန်း ရှစ်စီး နှင့် နှိုင်းယှဉ်ပါက တစ်နာရီ လျှင် လေယာဉ်ဝင်ထွက်မှု ၁၉ စီးအထိ တိုးချဲ့လက်ခံထိန်းချုပ်နိုင်သည်ဟု ဆိုနိုင်ပါသည်)

"ကျွန်တော်တို့က အခြေခံအဆောက်အဆောက်အအုံ၊ လုံခြုံရေး၊ နည်းပညာ၊ ဝန်ဆောင်မှုကဏ္ဍတွေကို မြှင့်တင်ဖို့ ဆောင်ရွက်နေပြီး အရေးအကြီးဆုံးအနေနဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရဲ့ အနာဂါတ်မှာ ဦးဆောင်သူတွေဖြစ်လာမယ့် မြန်မာနိုင်ငံသားဝန်ထမ်းတွေရဲ့ လုပ်ငန်းကျွမ်းကျင်မှုကို အလေးထားမြှင့်တင်နိုင်ဖို့ ကြိုးစားနေပါတယ်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်က ကမ္ဘာလှည့်ခရီးသွားတွေအတွက် မြန်မာနိုင်ငံရဲ့ ပထမဆုံး အတွေ့အကြုံပေးနိုင်တဲ့ နေရာဖြစ်ပါတယ်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်က မြန်မာနိုင်ငံရဲ့ တံခါးပေါက်ဖြစ်ပြီးတော့ ကျွန်တော်တို့အနေနဲ့ ခရီးသည်တွေအတွက် ခမ်းနားအားကျဖွယ် အတွေ့အကြုံတွေ ပေးနိုင်အောင်ကြိုးစားနေပါတယ်" ဟု Mr. Angeja မှပြောကြားခဲ့ပါသည်။

လာမည့် နှစ်နှစ်၊ သုံးနှစ်တာကာလအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ တိုးချဲ့အဆင့်မြှင့်တင်သွားမည့် လုပ်ငန်း များတွင် Boeing 737 လေယာဉ်ကဲ့သို့ Code C အမျိုးအစား လေယာဉ် ၁၃ စီး ရပ်နားနိုင်မည့် နေရာ (Apron Parking) အသစ် တစ်ခု၊ လေယာဉ်ပြေးလမ်း အလွယ်တကူရှင်း လင်းနိုင်ရေးအတွက် အထောက်အကူပြုသော လမ်းကြောင်း (Rapid Exit Taxiway) တစ်လမ်း၊ လေယာဉ်ပြုပြင်ထိန်းသိမ်းသည့် အဆောက်အဦးများ (Maintenance Hangars) တည်ဆောက်ခြင်း၊ ကယ်ဆယ်ရေးနှင့် မီးသတ်စခန်း နှင့် မူလ Terminal 2 အဆောက်အအုံအား နည်းပညာပိုင်းဆိုင်ရာ ပြန်လည်အဆင့်မြှင့်တင်မှုများပါဝင်ပါသည်။

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ချိတ်ဆက်ပျံသန်းလျက်ရှိသော လေကြောင်းလိုင်းပေါင်း ၂၅ လိုင်း ရှိခဲ့ရာမှ ယခုအခါ ၂၀၁၈ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့တွင် တရုတ်နိုင်ငံမှ စတင်ချိတ် ဆက်ပျံသန်းခဲ့သော Sichuan Airlines အပါအဝင် အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း ၃၁ လိုင်းအထိ ချိတ်ဆက်ပျံသန်း လျက်ရှိပါသည်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ယခင်က နိုင်ငံတကာခရီးစဉ်ပေါင်း ၂၁ ခု ချိတ်ဆက်ပျံသန်းခဲ့ရာ မှ ယခုအခါ နိုင်ငံတကာခရီးစဉ်ပေါင်း ၂၈ မြို့အထိ တိုးချဲ့ပျံသန်းပေးလျက်ရှိပြီး ပြည်တွင်း လေကြောင်းလိုင်း ခုနစ်လိုင်းကိုလည်း ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

လာမည့် လများတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် အတူတကွလက်တွဲ၍ နိုင်ငံတကာ လေကြောင်းခရီးသွားလာမှု ပိုမိုတိုးမြှင့်နိုင်ရေးအတွက် အဓိက မဟာဗျူဟာ ၃ ခု ချမှတ်ကာ

- အပြည်ပြည်ဆိုင်ရာ လေကြောင်းခရီးသွားလာရေးပြပွဲများတွင် လေကြောင်းလိုင်းများသို့ တိုက်ရိုက်ချိတ်ဆက်၍ ဈေးကွက်ရှာဖွေခြင်း။
- အာရှဒေသတွင်း လေဆိပ်အချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်း (Sister Airport Connectivity) နှင့်
- MICE (Meeting, Incentives, Conferences and Events) စီစဉ်သူများနှင့် မိတ်ဖက်များ အဖြစ်ဖွဲ့စည်း၍ မြန်မာနိုင်ငံအားအဆိုပါပွဲများလက်ခံကျင်းပရာနေရာအဖြစ်ကြိုးစားဖန်တီးခြင်းတို့ကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

"ကျွန်တော်တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို စဉ်ဆက်မပြတ် တိုးတက်နေဖို့ ကြိုးစားနေပါတယ်။ လေကြောင်းခရီးစဉ်သစ်တွေ တိုးချဲ့ခြင်းနဲ့ ဝန်ဆောင်မှုအထောက်အပံ့ကောင်းတွေ တိုးမြှင့်ဖို့ ကြိုးစားနေရုံသာမကပဲ တစ်ကမ္ဘာလုံးက လေကြောင်းလိုင်းတွေနဲ့ ခရီးသွားအဖွဲ့အစည်းတွေကို ချိတ်ဆက်ပြီး မြန်မာနိုင်ငံရဲ့ ထိပ်တန်းလေဆိပ်ကို ဖွံ့ဖြိုးတိုးတက်လာစေဖို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု Mr. Ho ကပြောကြားသွားပါသည်။

- END -

## Yangon Aerodrome Company Limited (YACL)

### *Setting the standard for high performance*

Yangon Aerodrome Company Limited (YACL) သည် မြန်မာနိုင်ငံသို့ အဓိကဂင်ပေါက်ဖြစ်သည့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အား စီမံခန့်ခွဲလျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ အကြီးမားဆုံးနှင့် အစည်ကားဆုံးလေဆိပ် ဖြစ်သည်နှင့်အညီ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သည် အခြေခံအဆောက်အအုံ၊ အဖွဲ့အစည်းနှင့် စီမံခန့်ခွဲမှု အစရှိသော အဓိက နယ်ပယ်များတွင် အကောင်းမွန်ဆုံးဆောင်ရွက်နိုင်ရန် စွမ်းဆောင်ရည်မြင့်မားနေစေရေးစံချိန်စံညွှန်းများ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

လွန်ခဲ့သောနှစ်အနည်းငယ်အတွင်းတွင် မြန်မာနိုင်ငံသို့ အလည်အပတ်လာရောက်သော ခရီးသွားဦးရေသည် ပုံမှန်တိုးတက်လျက် ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် ခရီးသွားလုပ်ငန်းနယ်ပယ်တွင် ရေရှည်တိုးတက်မှုများ ကြုံတွေ့လာနိုင်သည့်အားလျော်စွာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အနေဖြင့် နှစ်စဉ် တိုးတက်လာသော ခရီးသည်ပမာဏနှင့်အညီ ဂန်ဆောင်မှုများကို တိုးချဲ့ဆောင်ရွက်လျက်ရှိပြီး ခရီးသည်များနှင့် လေကြောင်းလိုင်းများအတွက် အရည်အသွေးပြည့်ဂသော နိုင်ငံတကာအဆင့်မီဂန်ဆောင်မှုများပေးနိုင်ရန် မျှော်မှန်းတည်ဆောက်ထားခြင်းဖြစ်ပါသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ကမ္ဘာ့လူဦးရေ၏ သုံးပုံ နှစ်ပုံ နေထိုင်ရာ အိန္ဒိယနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံကြားတွင် မဟာဗျူဟာမြောက်စွာတည်ရှိနေပြီး ဘန်ကောက်၊ စင်္ကာပူ၊ ကွာလာလမ်ပူ၊ တိုကျို၊ ဆိုးလ်။ ဒူဘိုင်း၊ ဒိုဟာ၊ ဘေကျင်း၊ ဟောင်ကောင်နှင့် တိုင်ပေအစရှိသော မြို့ကြီးများနှင့်လည်း ၆ နာရီကြာ ပျံသန်းချိန်အကွာအဂေးအတွင်း၌သာ တည်ရှိနေပါသည်။ အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း ၃၁ လိုင်း နှင့် အပြည်ပြည်ဆိုင်ရာ ခရီးစဉ် ၂၉ ခုအား ဂန်ဆောင်မှုပေးလျက်ရှိသော ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သည် ၂၀၁၇ ခုနှစ် အတွင်း ခရီးသည်စုစုပေါင်း ၅.၉၂ သန်းကို ဂန်ဆောင်မှုပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။